
မိကိုရှူးရင
တိမ်လိုတွယ်ရာမဲ့စွာနှင့်

# အခန်း (၁)

သူမ ...

ကိုကြီးအိမ်ရောက်ခဲ့စဉ်က အမေသေဆုံးပြီး ရက်လည်ပြီးတဲ့ နောက်နေ့ပဲဖြစ်သည် ။

ရ န ် က ု န ် မ ှ ၁ ပညာသွားသင်နေသော ကိုကြီးသည် အင်ဂျင်နီယာကြီးဖြစ်ပြီးသောအခါ အမေ့ကို ပင် အသိမပေးဘဲ ချမ်းသာကြွယ်ဝသော မိန်းမတစ်ယောက်နှင့် လက်ထပ်လိုက်ကြောင်းသာ သတင်း ကြားခဲ့ရ၏။

မေမေက အပြုံးမပျက်။

"သားကြီးသတင်းကြားရတာ အမေဝမ်းသာလိုက်တာ ... ကောင်းပါတယ် ... သားကြီးကို အမေပညာသင်ပေးတာ သားကြီးဘဝတင့်တယ်ဖို့ ပဲဟာ ... အဲဒါ အမေ့ရဲ့ ကြီးမားတဲ့ မျှော်လင့်ချက် တွေပဲ သမီး"

ဆင်းရဲနွမ်းပါးလွန်းသော အမေသည် ဈေးရောင်းပြီး သားကို ပညာသင်ပေးခဲ့သည် ။

ဘဝကို ကြိုးစားတည်ဆောက်ခဲ့ရ၏။

သားသမီးတွေကို ပညာတတ်ကြီးတွေ ဖြစ်စေချင်တာ အမေ့ရဲ့ ကြီးမားတဲ့ ဆန္ဒတွေပဲ ဖြစ်နေခဲ့ သည် ။

"လေပြည်လည်း ပညာကြိုးစားနော် ... ကိုကြီးလို ဘဝမျိုးဖြစ်အောင် ကြိုးစား"

ကိုကြီးအတွက် အမေသည် ပီတိသောမနသာတွေ ဖြစ်နေခဲ့သည် ။

ပျော်ရွှင်ကျေနပ်နေ၏။

ကိုကြီး ပြီးတော့ ...

မြလေပြည်ဆိုတဲ့ သူမအတွက် အမေလုံးပန်းတော့သည် ။

ပညာသင်စေ၏။

ရန်ကုန်မှာ ကိုကြီးက ချမ်းသာသည် ။ အလုပ်အကိုင်တွေ ကောင်းနေ၏။

အမေကြားတော့ ဝမ်းသာသည် ။

"သားကြီးက အမေ့ကို ဒုက္ခမပေးဘဲ သူ့ဘဝသူ တည်ဆောက်တာကောင်းတယ် ... သားနဲ့ သမီးဘဝ တင့်တယ်မယ်ဆိုရင် အမေဝမ်းသာတယ်"

အမေက ပြောသည် ။

ကိုကြီးက တစ်ကိုယ်ကောင်းဆန်စွာ အမေ့ကို လုံးဝ ပြန်လှည့်မကြည့်ခဲ့။

ဒါတောင် ... အမေက ခွင့်လွှတ်သည် ။

ကျေနပ်နေ၏။

"သားနဲ့ သမီး ဘဝရှေ့ရေးကို တိုးတက်ကြီးပွားဖို့ ပဲ အမေက မျှော်လင့်တာ ... အမေ့အတွက် ဘာမှ မလိုပါဘူး ... အမေက အသက်ကြီးပြီ ... သေတော့မှာ ... လူ့လောကကြီးထဲမှာ ဘယ်လောက်

ကြာကြာနေရမှာ လဲ"

အမေသည် ပင်ပန်းလွန်းသည် ။

သားကြီးပြီးတော့ သမီးငယ်ကို ထောက်ပံ့ကူညီနေရ၏။

အမေ့မှာ တာဝန်ကြီးလေးစွာ ထမ်းဆောင်နေကြောင်း လေပြည်သိနေသည် ။

"အမေ"

"ဘာလဲ လေပြည်"

"လေပြည် အလုပ်လုပ်ချင်တယ် ... အမေ အသက်ကြီးပြီ ... ကျန်းမာရေးလည်း မကောင်း တော့ဘူး ... နားသင့်ပြီ"

"ညည်း ပညာမတတ်ဘဲနဲ့ အမေ့ကို ဘာအလုပ်လုပ်ကျွေးမှာ လဲ ... လေပြည် ... အမေ ပင်ပန်းချင် ပင်ပန်းပါစေ ... ညည်းလေး ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားပါ"

အမေက လက်မခံ။

ဘဝကို ကြွံကြွံခံသည် ။

ကြိုးစား၏။

သမီးဘဝအတွက် ရုန်းကန်သည် ။

လေပြည်ကလည်း အမေ့ဆန္ဒတွေ ပြည့်ဝဖို့ ကြိုးစားခဲ့၏။

တစ်နေ့ ...

အမေ့ကို ကျေးဇူးဆပ်ချင်သည် ။

ကိုကြီးလို တစ်ကိုယ်ကောင်းမဆန်လိုပေ။

အမေ့ကို ကျွေးမွေးပြုစုလိုသည် ။

သူမ ဆန္ဒတွေက မပြည့်ဝခဲ့။

အမေသည် မြလေပြည် ဆယ်တန်းကို ဂုဏ်ထူးတွေနှင့် အောင်တဲ့ အချိန်တွင် သေဆုံးသွားခဲ့ သည် ။

ရောဂါဝေဒနာတွေ ခံစားနေရသော အမေသည် သမီးကို ဘာမှ မပြောခဲ့။

တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားနေခဲ့သည် ။

ရောဂါကျွမ်းမှ သိရ၏။

အိပ်ရာထဲမှာ ပင် အိပ်နေရင်း အမေ အသက်မရှိတော့ပေ။

"အမေ ... "

"အမေ ... "

"အမေ ... "

သူမက အမေနိုးချိန်တန်လို့ မနိုးသောအခါ သွား၍ နှိုးသည် ။

"အမေ ... "

"ဟင် ... "

အမေ့ကို လှုပ်နှိုးလိုက်တော့ အမေ့ကိုယ်က အေးစက်နေသည် ။

"အမေ ... "

ပတ်ဝန်းကျင်ကို အကူအညီတောင်းပြီး ဆရာရောက်လာတော့ အမေ့မှာ အသက်မရှိတော့ဘူး ဟု ခိုင်မာစွာပြောသည် ။

"ဟင် ... "

သူမ ...

လက်မခံနိုင်။

မယုံခဲ့။

အမေ အခုတလော ချူချာတာကလွဲပြီး ဘာရောဂါမှ ကြီးကြီးမားမား မတွေ့ခဲ့။

ကြိတ်မှိတ်ခံစားနေတာကိုး။

လေပြည် ကြေကွဲနေမိသည် ။

အမေ့အတွက် မဖြေနိုင်ခဲ့။

"သမီး ကိုကြီးအပေါ် ဘာမှ စိတ်မကွက်နဲ့ နော် ... ကိုကိုကြီးက သူ့ဘဝကို သူ တည်ဆောက် နေတာပဲ ... တချို့ဆို အမေမိဘကို မထောက်ပံ့ မကူညီတဲ့ အပြင် မိဘတွေဆီ လာပြီး ဒုက္ခတောင် ပေးကြတာ"

လေပြည်တို့ ရပ်ကွက်က ဆင်းရဲနွမ်းပါးတဲ့ ရပ်ကွက်လေးဆိုတော့ ဆိုးသွမ်းတဲ့ လူတွေက တစ်ပုံတစ်ပင်။

စိတ်ညစ်စရာကောင်း၏။

အမေက ထိုလူတွေကို ထောက်ပြပြီး သူ့သားကြီးက လိမ္မာရေးခြားရှိသည် တဲ့ ။

သူမ ဘာမှ မပြောလိုတော့။

အမေဆုံးတော့ ဝတ္တရားအရ ကိုကြီးထံ အကြောင်းကြားလိုက်သည် ။

ကိုကြီးရောက်လာ၏။

အမေ့အသုဘကို ကိုကြီးပဲ အကုန်အကျခံကာ စီစဉ်ပေးသည် ။

လေပြည် ကျေးဇူးတင်မိ၏။

အမေသည် သားကြီးအား အရမ်းချစ်သည် ။

တွေ့ချင် မြင်ချင်နေ၏။

မတွေ့ခဲ့ရ။

"အမေ နေမကောင်းဖြစ်နေတာ ဘာဖြစ်လို့ ကိုကြီးဆီ အကြောင်းမကြားရတာလဲ"

ကိုကြီးကရော အမေ့ဆီ တစ်ခေါက်တလေတောင် ဘာဖြစ်လို့ ရောက်မလာဖြစ်ရတာလဲ ဟု သူမက ပြန်၍ မေးချင်လာသည် ။

မမေးဖြစ်။

"အမေ နေမကောင်းဖြစ်နေတာ ညီမလေးတောင် မသိဘူး ... အမေက တစ်ယောက်ထဲ ကြိတ်မှိတ်ခံနေတာ"

ကိုကြီးမှာ လည်း အပြစ်တွေရှိနေတော့ ဘာမှ မပြောတော့။

"လေပြည်"

"ရှင် ... ကိုကြီး"

"ညီမလေးမှာ အားကိုးရာ မရှိတော့ဘူး ... ကိုကြီးနောက်ကို လိုက်ခဲ့တော့နော်"

အမေကလည်း သူ တစ်ခုခုဖြစ်သွားလျှင် ကိုကြီးနောက် လိုက်နေဖို့ မှာ သွားသည် ။

သူမက မလိုက်လို။

တစ်ယောက်ထဲ နေလို့ လည်း မဖြစ်။

"ကိုကြီးဆီ လိုက်နေလို့ ဖြစ်ပါ့မလား ... ဟင် ... တော်ကြာ ကိုကြီးဇနီးနဲ့ ကိုကြီး ပြဿနာ တွေ ဖြစ်နေပါ့မယ်"

"မဖြစ်ပါဘူး ... အိကလည်း ညီမလေးကို ခေါ်ခိုင်းပါတယ် ... အိမ်မှာ အလုပ်သမားငှားမယ့် အစား ညီမလေးလာနေရင်လည်း ပြီးသွားတာပဲ မဟုတ်လား"

ကိုကြီးစကားက ရှင်းသည် ။

သူမအား ကိုကြီးဇနီးက အိမ်ဖော်အစားထိုးမှာ ဖြစ်သည် ။

"လေပြည်"

"ရှင် ... "

"ညီမလေး ပညာဆက်သင်ရရင် ပြီးတာပဲမဟုတ်လား ... အိမ်မှာ အိမ်မှုကိစ္စတွေ ဝိုင်း လုပ်ပေါ့"

သူမတွင် တခြားရွေးချယ်စရာ လမ်းက သိပ်မရှိပေ။

တစ်ယောက်ထဲ နေလို့ မှ မဖြစ်တာ။

"ညီမလေး ဘွဲ့ရတော့ အလုပ်လုပ်ပြီး ဘဝကို တည်ဆောက်နိုင်တာပဲလေ"

ကိုကြီးဆိုလိုတဲ့ သဘောထားအား သူမ သိနေခဲ့သည် ။

ပညာသင်နိုင်ဖို့ အတွက် ညီမလေး အနစ်နာခံပါတဲ့ ။

"အိက မာနကြီးတယ် ... အဆင့်အတန်းခွဲခြားချင်တယ် ... ဆင်းရဲနွမ်းပါးတဲ့ လူတွေဆိုရင် မတူမတန်သလို ဆက်ဆံတယ် ... ညီမလေး နည်းနည်းတော့ သည်းခံပေါ့"

"ကိုကြီးမိန်းမက ကိုကြီးကျတော့ မတူမတန်သလို မဆက်ဆံဘူးလားဟင်"

ကိုကြီးက သူမအား ဆတ်ခနဲ မော့ကြည့်လာသည် ။

"လေပြည်"

"ရှင် ... ကိုကြီး"

"အကောင်းဆုံးက ကိုယ့်ကိုယ်ကိုယ် နှိမ်ချပြီး ပညာဆက်သင်နိုင်ဖို့ ကြိုးစားစေချင်တယ်"

ကိုကြီးက မိန်းမသြဇာ မလွန်ဆန်နိုင်ကြောင်း သိသာထင်ရှားနေသည် ။

အင်းလေ ...

ကိုကြီးက ဆင်းရဲပေမယ့် ရုပ်က ချောသည် ။

ပညာတတ်၏။

အင်ဂျင်နီယာတစ်ယောက်ပဲ။

ကိုကြီးအား ဆွေပြတ်မျိုးပြတ် လုပ်ထားပြီး သူတို့ ပုံစံခွက်ထဲအရည်ကျို လောင်းချခဲ့သည် ။

"ညီမလေးက ချောတယ် ... ကိုကြီး တစ်ယောက်ထဲ ထားခဲ့ဖို့ စိတ်မချဘူး ... ဘာပဲဖြစ်ဖြစ် ကိုကြီးအရိပ်မှာ ရှိနေတာက ညီမလေးဘဝအတွက် လုံခြုံမှုရှိနိုင်သေးတယ်"

ကိုကြီးနောက် လိုက်ခဲ့ရသည် ။

သူမလည်း အမေ့လိုပါပဲလေ။

နောက်ဆုံးပေါ်ကားကြီး မောင်းနေသော ကိုကြီးသည် ခန့်ညားလှပ လွန်းသည် ဟု ကျေနပ်စွာ ထင်မှတ်နေမိသည် ။

ကိုကြီးက အရင်ကိုကြီး မဟုတ်တော့။

စိုပြေပြီး သန့်စင်နေသည် ။

အသားဖြူ၍ ရုပ်ချောသော ကိုကြီးသည် အခုလို ချမ်းချမ်းသာသာ နေရသောအခါ ရှုမငြီး အောင် တင့်တယ်လှပနေ၏။

ကျွန်မ ကျေနပ်ပါတယ် ကိုကြီး ...

ဟုတ်မှာ ပဲ။

အမေပြောသလို ကိုကြီးက ဘယ်သူမှ ဒုက္ခမပေးဘဲ သူ့ဘဝသူ တိုး တက်မြင့်မားအောင် တည် ဆောက်နေတာပဲ။

"ညည်းလေးလည်း ကိုကြီးကို အတုယူ ... သားကြီးလို ဘဝမျိုး သမီး လေး ရောက်သွားရင် အမေ သေပျော်ပါပြီ"

အခု ...

လေပြည်က ကိုကြီးအိမ်မှာ အစေအပါးအဖြစ် နေရမှာ ...

ဘာဖြစ်လဲ ...

ကိုကြီးမိန်းမက ပညာတော့ ဆက်ပြီး သင်ပေးမယ်တဲ့ လေ။

လေပြည် နေရမှာ ပဲပေါ့။

နေစရာမှာ မရှိတာ။

"လေပြည်"

"ရှင် ... "

"ညီမလေး ငြိမ်လိုက်တာ ... ဘာတွေ စဉ်းစားနေတာလဲ"

ကိုကြီးမောင်းနေတဲ့ ကားကို ဘေးမှ လိုက်စီးရင်း သူမ ငြိမ်သက်စွာဖြင့် အတွေးတွေ ရှုပ်ထွေး နေရသည် ။

"အမေ့အကြောင်းပါ"

"ကိုကြီး တာဝန်မကျေဘူး"

"အမေက အဲဒီလို မသတ်မှတ်ပါဘူး ကိုကြီး ... မိဘကို ဒုက္ခမပေးဘဲ ဘဝကို တည်ဆောက် နေတာတဲ့ ... အမေက ကျေနပ်နေတာ ... ကျွန်မ ကိုလည်း အတုယူရမယ်တဲ့ ... ကိုကြီး"

"အမေက တာဝန်ကျေနပ်တယ် ... ကိုကြီး အသုံးမကျတာပဲ ... တစ်ကယ်ဆို အမေနဲ့ ညီမ လေးဘဝကိုတော့ ပြန်ပြီး စောင့်ရှောက်ပေးသင့်ပါတယ်လေ"

ကိုကြီးလေသံတွေက နောင်တရလွန်းနေသော လေသံတွေဖြစ်သည် ။

"ကိုကြီးလက်ထပ်လိုက်တဲ့ မိန်းမက အမေ့ဘဝနဲ့ ဘယ်လိုမှ အပ်စပ်လို့ မရတဲ့ အဆင့်အတန်း မျိုးဖြစ်နေတယ်"

အမေက အမေပဲပေါ့။

ကိုကြီးကိုယ်တိုင် သိမ်ငယ်မှုတွေ ခံစားနေရမှာ လေပြည်စဉ်းစားမိသည် ။

"ကိုကြီးကတော့ မထူးတော့ဘူးဆိုပြီး နေလိုက်တာလေ ... အမေ့ကို ထပ်ပြီး မျက်နှာငယ် အောင် မလုပ်ချင်တော့လို့ ပါ"

အမေနှင့် ဆက်နွယ်ပတ်သက်နေလည်း သူတို့ က အမေ့ကို အဖက်မ

တန်သလို ဆက်ဆံကြမှာ ပဲဟု ကိုကြီးက ပြောသည် ။

"ကိုကြီး"

"ပြော"

"ကျွန်မကြောင့် ကိုကြီးတို့ အိမ်ထောင်ရေးမှာ အနှောင့်အယှက်တွေ ဖြစ်မယ်ဆိုရင် ကျွန်မ တစ်ယောက်ထဲ နေလို့ လည်း ဖြစ်ပါတယ်"

"လေပြည်"

"ရှင် ... "

"ကိုကြီး ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော် ... ညီမလေးကို သူတို့ က တော့ နှိမ်ချဆက်ဆံ ကြမှာ ပဲ"

ကြိုတင်ပြောထားသည် ။

"အရေးကြီးတာက ညီမလေး ပညာဆက်ပြီး သင်ခွင့်ရရေးပဲ ... ဒါ ဘဝအတွက် အဓိက ကျ တယ်"

"ဟုတ်ကဲ့"

သူမတွင် တခြားရွေးချယ်စရာ လမ်းမှ မရှိတော့တာ။

"ကိုကြီးတို့ က အိမ်ခွဲနေကြတယ် ... ဘာပဲဖြစ်ဖြစ် ညီမလေးဘဝကို နားလည်ပါ"

"ဟုတ်ကဲ့"

သူမ ...

ကိုကြီးကိုတော့ စိတ်ချမ်းသာစေချင်မိသည် ။

"ကျွန်မကြောင့် ကိုကြီးဘာမှ စိတ်မချမ်းမသာ မဖြစ်စေရပါဘူး"

"ပညာသင်ကြားရေးပဲ အဓိက ထားစေချင်တယ် ... ဘဝဆိုတာ ဒီလိုပဲ တစ်ထစ်ချင်း လှမ်း တက်ယူရမှာ ပဲ"

"ဟုတ်ကဲ့ ကိုကြီး"

ကိုကြီးသည် သူ့အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး ပြောပြထားသည် ။

မမအိက မာန်မာနကြီးသည် တဲ့ ။

ရုပ်ကလည်း ချော ...

ငွေကြေးကလည်း ချမ်းသာသည် တဲ့ ။

ကိုကြီးသည် ကားမောင်းရင်း သူမအား ဆုံးမစကားတွေပြောနေသည် ။

ကြိုတင်၍ မှာ စရာရှိတာတွေ မှာ ကြားသည် ။

"အိမ်မှာ အလုပ်သမားတစ်ယောက်ရှိတယ် ... အိတို့ မိဘတွေရဲ့ ငယ်မွေးခြံပေါက်ပေ့ါ"

"ဟုတ်ကဲ့"

"ညီမလေး ပညာဆက်ပြီး သင်ကြားရေးကိုတော့ အိက ပြီးဆုံးအောင် သင်ပေးမယ်လို့ ပြော ထားတယ် ... ကိုကြီးလည်း ညီမလေးဘဝမှာ ဘွဲ့တစ်ခုခုတော့ ရစေချင်တယ်"

"ကိုကြီး"

"ဟင်"

"ကျွန်မ အမှတ်က ... "

"ကိုကြီးသိပါတယ် ... ညီမလေး အမှတ်မီတဲ့ တက္ကသိုလ်ပဲတက်ရမှာ

ပါ"

"ဖြစ်ပါ့မလား"

"မဖြစ်ဖြစ်အောင်တော့ ထားပေးရမှာ ပဲ ... အားလပ်တဲ့ အချိန်တွေမှာ အိမ်မှုကိစ္စတွေ လုပ် ပေးပေါ့"

"ဖြစ်ပါ့မလား"

"ညီမလေးဘက်က သည်းခံစိတ်ရှိဖို့ တော့လိုတယ်"

"ကိုကြီးမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်နေမယ်ဆိုတော့ ... "

"အဲဒါ ညီမလေး တွေးစရာ မလိုပါဘူး ... ကိုကြီး မဖြစ်မနေ ကြိုးစားမယ်"

သူမကတော့ သူမကြောင့် ကိုကြီးအိမ်ထောင်ရေးကို အထိပါးမခံနိုင်ကြောင်းပဲ ပြောပြနေမိ သည် ။

"ညီမလေးက ဂုဏ်ထူးတွေနဲ့ အောင်တာ ... ကိုကြီးတစ်ယောက်လုံး ငွေကြေးချမ်းသာ ပြည့် စုံပါလျက်နဲ့ ညီမလေးဘဝ နစ်မွန်းသွားရမယ်ဆိုတာ မဖြစ်သင့်ဘူး"

အမေလည်း ကိုကြီးတာဝန်မဲ့လို့ ဆင်းရဲ ဒုက္ခတွေနဲ့ သေရသည် ။

ညီမလေးအပေါ် ထပ်ပြီး တာဝန်မမဲ့လိုဟု ပြော၏။

"ညီမလေးဘဝ တိုးတက်ဖို့ အတွက် တတ်နိုင်သလောက် ကူညီထောက်ပံ့ပေးရမယ်"

ကိုကြီးလေသံတွေက အင်အားအပြည့်နှင့် အာမခံချက်တွေ အခိုင်အမာတော့ မရှိ။

အင်အားတွေ မဲ့နေသည် ။

လေပြည် သိပါတယ်။

ကိုကြီး မိန်းမသြဇာကို သိပ်ပြီး မလွန်ဆန်ဝံ့တာတော့ အသေအချာပါပဲလေ။

ညီမအားရှိဖို့ မခမတိုင် အဆွေးတွေနဲ့ ကျေးကန်ပေးဖို့ ကိုကြီးကြိုးစားနေတာ သိသာသည် ။

"ကိုကြီးကတော့ မဖြစ်မနေ ညီမလေး ပညာသင်ကြားရေးကို လုပ်ဆောင်ပေးရမှာ ပဲ ... သိလား လေပြည်"

"ကျွန်မ ဘဝကို ကျွန်မနားလည်ပါတယ် ကိုကြီး"

"ကိုကြီးသိပါတယ် ... ညီမလေးလိမ္မာတယ်ဆိုတာ ... "

ကိုကြီးနဲ့ လေပြည် မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး အားပေး တဲ့ အပြုံးတွေ ဆုံမိသွားကြသည် ။

"ဘဝဆိုတာ တိုးတက်မြင့်မားမှုအတွက် မဖြစ်မနေ တည်ဆောက်နိုင်မှ အောင်မြင်မှုရမှာ ပဲ လေပြည်"

"လေပြည် သိပါတယ်"

လေပြည်ကတော့ ဘဝကို အားမာန်တွေ အပြည့်နှင့် ရှန်းကန် တည်ဆောက်တတ်တဲ့ ဘဝပေး အသိတွေ ရှိထားပြီးသား ဖြစ်နေသည် ။

***

# အခန်း (၂)

"အိ ... ဒါ ကိုယ့်ညီမလေး မြလေပြည့်တဲ့ ... အမေမရှိတော့ တစ်ယောက်ထဲ ဖြစ်နေလို့ ကိုယ်ခေါ်လာခဲ့တာပါ"

ကိုကြီးပြောတော့ မမအိ သိပြီးသားတဲ့ ။

မမအိမျက်ဝန်းတွေက မာန်မာနတွေနှင့် တင်းမာသယောင် ဖြစ်နေသည် ။

စူးစမ်းသော အကြည့်တွေနှင့် ကြည့်၏။

သူမ မျက်ဝန်းတွေထဲမှာ လိုလားနှစ်သက်ဟန် တစ်စက်တစ်လေမှ မရှိ။

အထင်သေးနှိမ့်ချသော အကြည့်တွေသာ ဖြစ်နေသည် ။

"ကို သိပ်အလုပ်ပိုတာပဲ ... အိတို့ မှာ က အလုပ်တွေ အရမ်းများတာ ... သူ့ကို ဘယ်လိုလုပ် ပြီး စောင့်ရှောက်ထားနိုင်မှာ လဲ"

"ကိုယ့်ညီမလေးက အဖော်ရပါတယ် အိ ... လိမ္မာရေးခြားလည်း ရှိတယ် ... အားကိုးရာမဲ့နေ တဲ့ ဘဝပါ"

ခွဲမာန်ကတော့ ညီမလေးကို တစ်ယောက်ထဲ မထားခဲ့နိုင်။

စောင့်ရှောက်ရမည် ဖြစ်သည် ။

သူက အစ်ကိုကြီးပဲ။

အိက သဝန်တိုသည် ။

မာန်မာနကြီး၏။

ညီမလေးအား သူမရဲ့ ယောက်မအဖြစ် အသိအမှတ်ပြုချင်မှာ မဟုတ်။

"မငွေ"

"ရှင် ... အစ်ကိုကြီး"

"ညီမလေးကို နင့်အခန်းထဲ ခေါ်သွား ... ပြီးရင် အတူတူနေကြ"

"ဟုတ်ကဲ့"

"လေပြည်"

"ရှင် ... "

"လိုက်သွားတော့"

"ဟုတ် ... "

အိသည် မျက်ထောင့်နီကြီးတွေနှင့် သူမအား ကြည့်နေသည် ။

သဘောမကျလို့ ပင်။

"ကိုယ့်ညီမလေးက ပညာတော်တယ် ... ဂုဏ်ထူးတွေနဲ့ အောင်ထားတာ ... အဲ သူ့ ပညာရေး အတွက် ကိုယ်ဆက်ပြီး တာဝန်ယူရလိမ့်မယ်"

"အိကတော့ တာဝန်မယူချင်ဘူး ကို ... အိ အသိုင်းအဝိုင်းတွေက ကို သိထားတဲ့ အတိုင်းပဲ ... ကို့မှာ ဆွေမျိုးအသိုင်းအဝိုင်း မရှိဘူးလို့ ပြောထားပြီးသားပဲဟာ"

"အိ ယောက်မတစ်ယောက်လို့ မပြောရင်တောင်မှ အလုပ်သမားတစ်ယောက်အဖြစ်ပဲ ပြော ထားပေ့ါ ... ညီမလေးက အိမ်မှုကိစ္စတွေလည်း လုပ်မှာ ပါ ... သူ့စားဝတ်နေရေးနဲ့ ဘဝရှေ့ရေး အတွက် ပညာဆက်သင်ရေးပါ"

"အိ လက်မခံချင်ဘူး ကို ... စိတ်ညစ်ပါတယ် ကိုရာ ... အစက ကိုပဲ ဆွေမျိုးတွေကို ပြတ်ပြီ ဆို"

"ကိုယ့်ညီမလေးတစ်ယောက်ကိုတော့ ဘာပဲဖြစ်ဖြစ် လက်ခံပါကွာ ... ကိုယ်အရင်က အတ္တ ကြီးပြီး အမေအိုကြီးနဲ့ ညီမကိုတောင် စွန့်ပစ်ဖို့ ကြိုးစားခဲ့တယ် ... ဥပေက္ခာတွေ ပြုထားမိတယ် ... အခု အမေမရှိတော့ဘူး ... ညီမလေးကိုတော့ ဥပေက္ခာ ပြုမထားပါရစေနဲ့ "

ကိုက အတင်းအကျပ် ပြောနေသည် ။

အိကတော့ မထားချင်။

ယောက်မက ရုပ်ရည် ချောချောလေး။

အိတို့ မှာ က မောင်နှင့်အစ်ကို ရှိသေးသည် ။

မဖြစ်နိုင်ပေ။

လက်မခံချင်။

ကိုက ခေါ် လာပြီးပြီ။

"ညီမလေးရှိနေလို့ အိမ်မှာ ဘာတာဝန်မှ မရှိစေရပါဘူးကွာ ... ညီမလေးက အလိုက်သိပါ တယ် ... အိမ်မှုကိစ္စတွေလည်း ဝိုင်းကူလုပ်ပေးမှာ ပါ"

"မိန်းကလေးတစ်ယောက်ကို စောင့်ရှောက်တယ်ဆိုတာ လွယ်တာ

မဟုတ်ဘူး ကို တာဝန်ကြီး တယ် ... ကို့ညီမလေးကို အမျိုးသမီးဂေဟာမှာ ပဲဖြစ်ဖြစ် သွားထားပါလား"

"ဘာကွ"

အိမှာ ဒီလောက်အထိ စိတ်ယုတ်မာ ကောက်ကျစ်မှုရှိမည်ဟု မထင်မိ။

အမေဆုံးသွားပြီ။

သူ တာဝန်မဲ့ခဲ့သည် ။

ချမ်းသာကြွယ်ဝတဲ့ စည်းစိမ်ဥစ္စာတွေကို မက်မောပြီး သူ့ဘဝအမှန်ကိုပင် စွန့်ပစ်ထားခဲ့သည် ။

သားကြီးဖြစ်ပြီး အမေ့အား ဘာမှ အကျိုးမပြုခဲ့မိ။

အမေက သူ့ကို ပညာတတ်တစ်ယောက်ဖြစ်စေရန် ရုန်းကန်ခဲ့ရသည် ။

ဈေးရောင်းရ၏။

ငွေကို နည်းမျိုးစုံနှင့် ခက်ခဲပင်ပန်းစွာ ရှာဖွေပြီး သူ့ကို ထောက်ပံ့ခဲ့၏။

သူ ...

ဘာတစ်ခုမှ တုံ့ပြန်ပြီး အကျိုးမပြုခဲ့မိပေ။

အိနှင့်ကြီးကျယ်ခမ်းနားစွာဖြင့် လက်ထပ်ခဲ့သည် ။

အမေပင် မသိ။

တစ်ကိုယ်ကောင်းဆန်ခဲ့သည် ။

အတ္တကြီးခဲ့၏။

ရက်စက်ခဲ့သည် ။

သားကြီးဖြစ်ပြီး တာဝန်မဲ့စွာဖြင့် မိခင်အိုကြီးနှင့် ညီမလေးအား စွန့်ပစ်ထားခဲ့မိ၏။

အခု ...

အမေ မရှိတော့။

ညီမလေးတစ်ယောက်ပဲ ရှိသည် ။

သူ ...

တာဝန်မဲ့ရမလား။

"အိ"

"ဘာလဲ ကို"

"မင်းလက်ခံပါ ... ကိုယ့်ညီမလေး တစ်ယောက်တည်း ဘယ်မှာ မှ မှီခိုအားထားစရာ မရှိ ဘူး"

သူ ...

ဇနီးအိအား အကြမ်းမဖက်လို။

အေးချမ်းစွာ လက်ခံစေချင်သည် ။

ညီမလေးအတွက်ပါ။

ပြီးတော့ ...

အိတွင် ကိုယ်ဝန်ရှိနေသည် ။

သူ့ရင်သွေးလေးရှိနေ၍ ရင်သွေးလေးရဲ့ အနာဂတ်အတွက် သူ့အိမ်ထောင်ရေးကို မပြိုကွဲစေ ချင်၍ ဖြစ်သည် ။

အိကာ သူ့ဘဝကိုလည်း တိုးတက်မြင့်မားစေရန် ထောက်ပံ့ကူညီခဲ့သည် ။

အခုဆိုလျှင် ...

သူ ...

တင့်တယ်ခန့်ညားတဲ့ ကုမ္ပဏီပိုင်ရှင်တစ်ယောက် ဖြစ်နေခဲ့သည် ။

"အိ"

"ဘာလဲ ... ကို"

"ကိုယ်တောင်းပန်ပါတယ် အိရယ် ... ညီမလေးကိုတော့ ကိုယ်စောင့်ရှောက်ပါရစေနော်"

အိပခုံးလေးတွေကို သူဆုပ်ကိုင် ချော့မြှူလိုက်သည် ။

"ညီမလေးကို ဘယ်လိုနေရာမှာ ပဲထားထား၊ ထားပါကွာ၊ ဒါပေမဲ့ ကိုယ်စောင့်ရှောက်ပါရစေ"

အိနှင့်သူ ချစ်သူတွေ ဖြစ်ကတည်းက သူ့မှာ အမေနှင့်ညီမလေးတစ်ယောက်ရှိကြောင်း ပြောပြ ထားခဲ့ဖူးသည် ။

သူ ...

စည်းစိမ်ဥစ္စာတွေကို မက်မိသည် ။

ဂုဏ်ပကာသနတွေကြားထဲမှာ ချမ်းသာကြွယ်ဝတဲ့ မိန်းမအလိုကျဘဝမေ့ပြီး နေထိုင်ခဲ့မိ သည် ။

အခုတော့ ...

ညီမလေးတစ်ယောက်တည်း ...

စွန့်ပစ်ထားခဲ့လို့ ဖြစ်မလား။

"ကိုယ့်ညီမလေးကိုတော့ ဘယ်နည်းနဲ့ မှ ဥပေက္ခာပြုမထားနိုင်ဘူး အိ ... စောင့်ရှောက် ပါရစေကွာ"

အိကို အနူးအညွတ် တောင်းပန်မိသည် ။

ညီမလေးဘဝရှေ့ရေးအတွက် သူအတတ်နိုင်ဆုံး မြေတောင်မြှောက် ပေးရမည်သာ ဖြစ်သည် ။

"အိ လက်မခံနိုင်ဘူးဆိုရင် ကိုယ် မင်းပိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို ပြ န်အပ်ပြီး ကိုယ်ထွက် သွားတော့မယ်"

"ဟင် ... "

ထိုအဖြစ်မျိုးတော့ အိ ဘယ်လိုမှ အဖြစ်မခံနိုင်ပေ။

ကို့ကို အိချစ်လို့ လက်ထပ်ခဲ့တာပါ။

အကွဲမခံနိုင်။

ကိုသည် စီးပွားရှာတဲ့ နေရာမှာ ကျွမ်းကျင်သော၊ အောင်မြင်နေသော ယောကျ်ားကောင်း တစ်ယောက်သာဖြစ်သည် ။

တော်တော်ရှုပ်တဲ့ ဟာမလေး။

အိ မထားချင်တာက သည် ကောင်မလေးနှင့် အိ အစ်ကိုနှင့်မောင် လေးနှင့် နီးစပ်သွားမှာ စိတ်ပူနေမိသည် ။

ကိုနှင့်ဘာမှ မဆိုင်ဘူး။

ကိုကိုနှင့် ညီ့အား ဒီကောင်မလေးနှင့် မနီးစပ်စေလိုပေ။

ဂုဏ်မရှိ ...

ငွေမရှိ ...

အဆင့်အတန်းမရှိတဲ့ ဟာမလေး ...။

"အိ"

"ဘာလဲ ကို"

"ကိုယ့်ကို ချစ်တယ်မဟုတ်လားကွာ"

သူမ ...

ဘာမှ မပြောလိုတော့။

"ကိုယ့်သဘောပဲလေ ... ဒါပေမဲ့ ကိုယ့်ညီမလေးလို့ တော့ ပတ်ဝန်းကျင်ကို အသိမပေးချင် ဘူး"

"ဘာပဲဖြစ်ဖြစ် ... ညီမလေး ကိုယ့်မျက်စိအောက်မှာ နေဖို့ ရယ် ... ပညာဆက်သင်ပေးဖို့ ရယ် ... အိ သဘောတူရင်ပြီးပြီ"

"အိက ကို့ကို ချစ်လွန်းလို့ လိုက်လျောတာပါနော်"

"ကိုယ်ဝမ်းသာလိုက်တာ အိရယ်"

ညီမလေးနေခွင့်ရှိသည် ဆို၍ ကို ဝမ်းသာသွားမိသည် ။

ဘယ်လိုဘဝပဲ နေရနေရပါ။

လေပြည်က လိမ္မာသည် ။

နေတတ်၏။

ရှုပ်ရှုပ်ယှက်ယှက် မရှိ။

ငယ်စဉ်ကလေးတည်းက အေးချမ်းစွာတစ်ယောက်တည်း နေတတ်သူဖြစ်သည် ။

"အိ"

"ဘာလဲ ကို"

"ညီမလေးကို အခန်းတစ်ခန်းလောက် ပေးထားရင် ကောင်းမလား"

အိမ်ဖော်ကောင်မလေး တစ်ယောက်နဲ့ အတူ မထားလိုပေ။

"မငွေနဲ့ ပဲ ထားလိုက်ပါ ကို ... ဒါမှ မိန်းကလေးတစ်ယောက်အတွက် လုံခြုံမှုရှိမှာ "

အိကတော့ အိမ်ဖော်အဆင့်ပဲထားဖို့ ဆုံးဖြတ်ထားမိသည် ။

နေရာမပေးချင်။

အကျင့်ပါမှာ စိုးမိသည် ။

နေပစေ။

အိမ်ဖော်မလေး မငွေနဲ့ ပဲ နေဖို့ စီစဉ်ထားသည် ။

"ကိုယ့်ညီမလေး ဒီမှာ နေခွင့်ရဖို့ ပဲ မဟုတ်လား"

"အင်းလေ ... အိသဘောပဲ၊ အရေးကြီးတာက ကိုယ့်ညီမလေးဘဝ မြေတောင်မြှောက်ပေး ချင်တာပါပဲ"

သူ ...

အလျှော့ပေးမိသည် ။

အိနှင့် အတိုက်အခံမဖြစ်လို။

နေပါစေတော့။

ညီမလေးက နေတတ်ပါတယ်။

"ကိုယ် ရုံးသွားဦးမယ် အိ"

"အင်း"

ကို ထွက်သွားသည် ။

အိ ကျန်ခဲ့၏။

မီးဖိုခန်းထဲမှာ ရှိတဲ့ အခန်းကျဉ်းလေး တစ်ခန်းဆီ ဝင်သွားသည် ။

ကောင်မလေး ငုတ်တုတ်ထိုင်နေ၏။

အိကိုမြင်တော့ ...

ဆတ်ခနဲ ထထိုင်သည် ။

"ထိုင်"

သူမလေသံက မာနေသည် ။

ကိုယ့်ညီမရောက်လာတာ အိစိတ်ထဲမှာ အလိုမကျသလို ဖြစ်နေမိ၏ ။

ဘာဖြစ်မှန်းမသိ။

ကိုက သူ့ညီမအား ချစ်ဖို့ ပဲ။

အိကိုတောင် ကွာရှင်းပြတ်စဲမည်ဟု ခြိမ်းခြောက်လာတော့သည် ။

မနာလိုဝန်တိုစိတ်တွေဖြင့် မြလေပြည်အား ကြည့်မိသည် ။

"မြလေပြည်"

"ရှင် ... မမ"

"ညည်းကို မှာ စရာရှိလို့ "

"ဟုတ်"

"ဒီမှာ ... "

"ရှင်"

"ညည်းကို မလွဲမရှောင်သာလို့ လက်ခံထားရတာပဲနော်၊ တို့ အသိုင်းအဝိုင်းက ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေတယ် ... ညည်းသဘောပေါက်ပါ ... ကိုဆိုရင် အခု စီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင် တဲ့ လုပ်ငန်းရှင်ကြီးဖြစ်နေပြီ"

မမအိဆိုတဲ့ သဘောထားကို သူမ သိပြီးသားဖြစ်လေသည် ။

လေပြည့်အား အိမ်က အလုပ်သမားအဆင့်လောက်ပဲ သတ်မှတ်ချင်ကြောင်း သိသာနေ၏။

ရပါတယ်။

ကိုကြီး ဂုဏ်သိက္ခာတွေ မငယ်အောင် သူမ စောင့်ထိန်းရမည်သာ ဖြစ်သည် ။

"မင်းကို ... ကိုယ့်ရဲ့ ညီမတစ်ယောက်အဖြစ် အသိအမှတ်မပြုနိုင်ဘူး မြလေပြည်"

သူမ ...

ငြိမ်သက်နေမိသည် ။

ကြေကွဲဝမ်းနည်းမှုတွေ ရင်ထဲမှာ လှိုက်ခနဲ ခုန်တက်သွားပေမဲ့ သွားလေးတွေကို တင်းကျပ် စွာ စေ့ကပ်ထားပြီး ဟန်ဆောင်နေမိ၏။

အမေ ...

သမီးတစ်ယောက်တည်းပဲ နေချင်တာပါ ...

ညည်း ကျုပ်သားကြီးကို ဒုက္ခသွားပေးတယ်လို့ အမေအပြစ်မတင်ပါနဲ့ နော်။

သမီး ဒုက္ခမပေးချင်ပါဘူး။

ကိုကြီးက ဇွတ်အတင်းခေါ်လာလို့ ပါ။

"မြလေပြည်"

"ရှင်"

"မင်းဟာ ကိုကြီးညီမလို့ ဘယ်သူ့မှ မပြောရဘူး"

"ဟုတ်ကဲ့ပါ"

"ဂုဏ်ဒြပ်တွေ ပြည့်စုံနေတဲ့ တို့ ဘဝကို ညည်းကြောင့် မညှိုးနွမ်းစေချင်ဘူး"

"ကျွန်မ နားလည်ပါတယ် မမ ... ကျွန်မ ဘယ်လိုပဲ နေရ နေရ နေပါ့မယ်"

သူမ ...

နှိမ့်ချစွာဖြင့် ဆက်ဆံမိသည် ။

ကိုကြီး စိတ်ချမ်းသာဖို့ အတွက် တစ်ခုတည်းပါပဲ။

သူမတို့ မှာ ဒီမောင်နှမပဲ ရှိသည် ။

ကိုကြီးက သူမဘဝကို သူ့မျက်စိရှေ့မှာ ပဲ စောင့်ရှောက်ထားချင်၏။

"ကိုကြီး အမေနဲ့ ညီမလေးအပေါ် တာဝန်မဲ့ခဲ့တယ်၊ အခု အမေမရှိတော့ဘူး ... ကိုကြီး အသုံး မကျလွန်းတဲ့ လူသားတစ်ယောက် အဖြစ်မခံနိုင်တော့ဘူး ညီမလေးရယ် ... "

ကိုကြီးရဲ့ စိတ်ခံစားမှုတွေကိုလည်း သူမ သိနေသည် ။

စိတ်ချမ်းသာစေလို၏။

လေပြည့်ကြောင့် ဘယ်သူမှ စိတ်အနှောင့်အယှက်တွေ မဖြစ်စေလိုပေ။

"မမ"

"ဘာလဲ"

"ကျွန်မအတွက် ဘာမှ စိတ်မပူပါနဲ့ ... ကျွန်မ ဘယ်ဘဝမှာ ပဲ နေရနေရပါ ... ကျွန်မကြောင့် ဘယ်သူမှ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး မမ"

"ညည်း အလုပ်သမား တစ်ယောက်အဖြစ်နဲ့ ပဲ အိမ်မှာ လုပ်စရာရှိတာတွေလုပ်ပါ ... ကိုနဲ့ တို့ က ညည်းနဲ့ ဘာသွေးသားမှ မတော်စပ်ဘူးလို့ သဘောထားပါ"

"ဟုတ်ကဲ့"

"ကျောင်းကတော့ ဆက်တက်ပေါ့ ... ညည်းက ဂုဏ်ထူးဘယ်နှစ်ခုနဲ့ အောင်တာလဲ လေပြည်"

"ငါးခုပါ"

"ဘာအေ့"

အိပင် လန့်သွားရသည် ။

ကို့ညီမက မခေပါလား။ အိမ်က ကိုကိုနှင့်ညီသည် ဆယ်တန်းကို ရိုး ရိုးပဲ အောင်ကြသည် ။

"မဆိုးပါလား ... ဘာပဲဖြစ်ဖြစ်လေ တို့ ကတော့ မလွှဲသာမရှောင် သာလို့ လက်ခံလိုက်ရတာပဲ ... ကိုယ့်ဘဝတော့ ကိုယ်မမေ့နဲ့ ပေါ့အေ"

"ဟုတ်ကဲ့"

"မငွေ"

"ရှင် ... မမ"

"ဒီဟာမလေးကို စနစ်တကျခိုင်း ... အတော်ပဲလေ ... ငါ အိမ်ဖော် တစ်ယောက် ထပ်မငှားရ တော့ဘူးပေါ့"

ကိုကို့ဇနီး မမအိအိကျော် ပြန်ထွက်သွားမှ သူမ အသက်ကို ရဲရဲရှူရဲ တော့သည် ။

"ဟင်း ... "

စိတ်မောလိုက်တာ။

မလွယ်ဘူး။

"မလေပြည်"

"ဟင်"

"မမအိက အရမ်းကြမ်းတယ် ... မာနလည်း သိပ်ကြီးတာပဲ၊ အပြစ် တစ်ခုခု ကျူးလွန်မိရင် လည်း လုံးဝခွင့်မလွှတ်ဘူး၊ ရက်စက်တယ်"

မငွေက ပခုံးကိုတွန့်ရင်း နှုတ်ခမ်းလေးကို တွန့်မဲ့ပြီးပြောသည် ။

"မငွေက ငယ်ငယ်ကလေးတည်းက နေလာခဲ့ရတာ မမအကြောင်း

တော့ သိနေပြီ"

"ကျွန်မ နေတတ်ပါတယ်"

အခန်းကျဉ်းလေးထဲမှာ မငွေနှင့်အတူနေဖို့ စတင်ပြင်ဆင်နေမိသည်
။

***